**ဖမ်းဆီးခံရမှုများ**

မြန်မာနိုင်ငံရှိ ပြည်နယ် ၃ ပြည်နယ်နှင့် တိုင်း ၄ တိုင်းတွင် ဇွန်လ တတိယပတ်အတွင်း အရပ်သားပြည်သူ ၉၅ ဦး ဖမ်းဆီးခံခဲ့ရသည်။ စစ်ကိုင်းတိုင်းတွင် ၄၁ ဦး၊ မကွေးတိုင်းတွင် ၄၀ ဦး၊ မန္တလေးတိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် ၄ ဦးစီ၊ ရန်ကုန်တိုင်းတွင် ၃ ဦး၊ ကရင်နီပြည်နယ်တွင် ၂ ဦးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၁ ဦးတို့ ဖြစ်ကြပါသည်။

**သတ်ဖြတ်ခံရမှုများ**

မြန်မာနိုင်ငံရှိ ပြည်နယ် ၄ ပြည်နယ်နှင့် တိုင်း ၄ တိုင်းတွင် ဇွန်လတတိယပတ်အတွင်း အရပ်သားပြည်သူ ၅၆ ဦး သတ်ဖြတ်ခံခဲ့ရသည်။ ရခိုင်ပြည်နယ်တွင် ၁၄ ဦး၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့တွင် ၁၀ ဦးစီ၊ မကွေးတိုင်းတွင် ၉ ဦး၊ ချင်းပြည်နယ်တွင် ၆ ဦး၊ ပဲခူးတိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ၃ ဦးစီတို့ ဖြစ်ကြပါသည်။

**လေကြောင်းမှ တိုက်ခိုက်မှုများ**

မြန်မာနိုင်ငံရှိ ပြည်နယ် ၆ ပြည်နယ်နှင့် တိုင်း ၃ တိုင်းတွင် ဇွန်လ တတိယပတ်အတွင်း စစ်အစိုးရတပ်မှ လေကြောင်းတိုက်ခိုက်မှု ၁၅၈ ကြိမ် ပြုလုပ်ခဲ့ပါသည်။ ချင်းပြည်နယ်တွင် ၇၁ ကြိမ်၊ မကွေးတိုင်းတွင် ၃၆ ကြိမ်၊ ရခိုင်ပြည်နယ်တွင် ၁၄ ကြိမ်၊ ပဲခူးတိုင်း၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၈ ကြိမ်စီ၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၂ ကြိမ်တို့ ဖြစ်ကြပါသည်။

**တိုက်ပွဲတွင် ကျဆုံးမှုများ**

| | |
|---|---|
| ၉၄ ဦး | စစ်အစိုးရတပ်သား သေဆုံး |
| ၄ ဦး | PDF ရဲဘော်များ ကျဆုံး |
| ၃၆ ကြိမ် | တိုက်ပွဲ အကြိမ်အရေအတွက် |

